# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ

## အမှာစာ

ဤနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၈ . ၃ . ၂၀၁၀ ရက်စွဲပါ ဥပဒေအမှတ်၊ ၂/၂၀၁၀ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

ယင်းဥပဒေတွင် အစားထိုး၊ ပယ်ဖျက်၊ ဖြည့်စွက်၊ ပြောင်းလဲသတ်မှတ်ရန် လိုအပ်ချက်များရှိနေသဖြင့် ပြည်ထောင်စုလွှတ်တော်သည် အောက်ပါအတိုင်း အစားထိုး၊ ပယ်ဖျက်၊ ဖြည့်စွက်၊ ပြောင်းလဲ သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည် -

(က) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို **ပြင်ဆင်သည့် ဥပဒေ** [ ပြည်ထောင်စုလွှတ်တော်၏ ၄.၁၁.၂၀၁၁ ရက်စွဲပါ ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁) ] ဖြင့် ပုဒ်မ ၆ (ဂ)ကို အစားထိုးခြင်း၊ ပုဒ်မ ၁၀(င)ကိုပယ်ဖျက်ပြီး၊ ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ) ကို ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဇ) ကို ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဈ) ကို ပုဒ်မခွဲ (ဇ)အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ ပုဒ်မ ၁၂(က)(၁)တွင် ရှင်းလင်းချက် ဖြည့်စွက်ခြင်း။

(ခ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို **ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ** [ ပြည်ထောင်စုလွှတ်တော်၏ ၃၀.၉.၂၀၁၄ ရက်စွဲပါ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈) ] ဖြင့် ပုဒ်မ ၄(က)၊ ပုဒ်မ ၅(ဃ) နှင့် ပုဒ်မ ၁၀(က)တို့တွင် အစားထိုးခြင်း၊ ယင်းဥပဒေ ပုဒ်မ ၂၅ ၏နောက်တွင် ပုဒ်မ ၂၅-က ကို ဖြည့်စွက်ခြင်း။

